# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 23, 2020 Volume 30, Number 11

## ၂၃.၄.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၅ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၃၀/- ကျပ် |
| CBM Rate | = ၁၄၃၀.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၇.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၂.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၇၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၂၆၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းသီးနှံများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက် ပြန်လည်ဖွင့်လှစ်သည့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်နှင့်မြင်းမူမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲတီစိမ်း(အညာရွှေဝါ) သီးနှံများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။ အဆိုပါ ပဲတီစိမ်းသီးနှံမှာ သင်္ကြန်မတိုင်ခင်ကာလက ဈေးကွက်အတွင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးသာရှိခဲ့ပြီး ယခုသင်္ကြန်အပြီး ဈေးကွက်စတင်ဖွင့်လှစ်သည့် ယနေ့တွင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးဖြင့် အဖွင့်ဈေးကောင်းမွန်ကာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)ကပြောသည်။ “သင်္ကြန်အပြီးမှာ မန္တလေးကုန်စည်ဒိုင်ကလည်း ဒီနေ့မှာ စဖွင့်ပါတယ်။ ဈေးကွက်အဖွင့်မှာပဲ ပဲတီစိမ်းသီးနှံအပြင် အခြားနှမ်းနက်၊ မြေပဲ၊ ထောပတ်ပဲ သီးနှံတွေလည်း တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကြောင့် အမြင့်ဈေးတွေနဲ့ အရောင်းအဝယ်သွက်နေကြတယ်။ တချို့ ပွဲရုံတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တဲ့အနေနဲ့ သူတို့ရဲ့ ပွဲရုံတွေကပဲ အွန်လိုင်းကနေ အရောင်းအဝယ်တွေလုပ်နေကြတယ်။ ဒီလို ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်ပွားနေတဲ့ အချိန်မှာ ကျွန်တော်တို့ ပဲဈေးကွက် က အရောင်းအဝယ်တွေ ရပ်တန့် မသွားဘဲ ရောင်းပန်းသာပြီး ဝယ်ပန်းလှနေတာမြင်တွေ့ရလို့ တောင်သူတွေကိုယ်စား ဝမ်းသာကြည်နူးမိပါတယ်” ဟု ၎င်းကပြောသည်။ မန္တလေးကုန်စည်ဒိုင်စဖွင့်သည့်ယနေ့တွင် ဈေးကွက်အတွင်း၌ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ ဈေးဖြင့်လည်းကောင်း၊ ကုလားပဲ (V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်း(ခရမ်းရွှေဝါ)မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲစင်းငုံ(အနီ)မှာ ငွေကျပ် ၇၃၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မတ်ပဲ(အသစ်) မှာ ငွေကျပ် ၉၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နှမ်းနက်(ထိပ်စ)မှာ ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲမှာ ငွေကျပ် ၈၈၀၀၀ နှုန်းဖြင့် လည်းကောင်း မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ နှုန်းဖြင့် လည်းကောင်း၊ မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်သွက်လျက်ရှိသည်။ ယခု ထွက်ရှိသည့် ပဲတီစိမ်း (အညာရွှေဝါ) သီးနှံများမှာ ဧရာဝတီမြစ်ကမ်းအနီးတွင် နွေရာသီကာလ၌ရေသွင်းစိုက်ပျိုးထားခြင်းဖြစ်ပြီး မကြာမီရက်များအတွင်း မတ္တရာနှင့်စဥ့်ကူးဒေသများမှ ထွက်ရှိသည့် ပဲတီစိမ်းသီးနှံများ ဈေးကွက်သို့ ထပ်မံဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **Source:** https://www.facebook.com/MYANMAALINNNEWS/

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြကျောက်သရက်သီးပေါ်ချိန် မြို့ကြီးများသို့ မပို့နိုင်၍ ဒေသတွင်းစားသုံးရန်အတွက်သာ ရောင်းချနေရ




သင်္ကြန်ရက်နောက်ပိုင်း ပြည်မြို့ဒေသထွက် နာမည်ကြီးမြကျောက်သရက်သီးများ စတင်ပေါ်လာပြီဖြစ်သော်လည်းယခင်နှစ်များကကဲ့သို့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့် မြို့ကြီးများသို့ ပို့ဆောင်ရောင်းချနိုင်ခြင်းမရှိသဖြင့်ပြည်မြို့ဝန်းကျင်ရှိ စားသုံးသူများကို အနည်းငယ်သာ ရောင်းချနေရကြောင်းသိရသည်။ မြကျောက်သရက်သီးများမှာ အရည်အသွေးကောင်းပြီး ပြည်မြို့သို့ လာရောက်လည်ပတ်သူများက ပြည်မြို့ပြန်လက်ဆောင်အဖြစ် ဝယ်ယူလေ့ရှိကြသည်။ နှစ်ဆန်းတစ်ရက် နေ့မှစပြီး မြကျောက်သရက်များကို ခူးဆွတ်ရမည်ဖြစ်သော်လည်း COVID- 19 ရောဂါထိန်းချုပ်ရေးအတွက် ဒေသတွင်းသွားလာမှုကို ကန့်သတ်ထားသဖြင့်သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် အနည်းငယ်သာခူးဆွတ်ရသေးကြောင်းသိရသည်။ ''သွားလာမှုတွေကန့်သတ်ထားတော့ တင်ပို့ဖို့ အခက်အခဲဖြစ်နေတယ်။ အရင်ကသင်္ကြန်ပြီးရင် အလုပ်တွေ၊ ရုံးတွေဖွင့်တာနဲ့ လက်ဆောင်ပေးဖို့ ဝယ်ယူကြတာများတယ်။ ပြည်ကို သင်္ကြန်ပိတ်ရက်ပြန် လာတဲ့ သူတွေကလည်း ပြည်လက်ဆောင်အဖြစ်ဝယ်ပြီးပြန်ကြတယ်။ ပေါ်ဦးပေါ် ဖျားဆိုတော့ ဈေးကောင်းလည်း ရတယ်။နောက်ပိုင်းအသီးပေါ်လာတာများလာရင်တော့ ဈေးချရောင်းရတယ်။ ဒီနှစ်တော့ ဘယ်မှ မပို့နိုင်သေးဘူး။ ဒေသတွင်းစားတဲ့သူ လောက်ပဲနည်းနည်းရောင်းရတယ် '' ဟု ပြည်မြို့ရှိ နေ့သစ် မြကျောက်သရက်သီးပွဲရုံပိုင်ရှင်ဒေါ်ခင်ညိုကပြောသည်။

မြကျောက်သရက်သီးမှာပေါ်ဦး ပေါ်ဖျားအချိန်တွင် တစ်လုံးလျှင် ကျပ် ၈၀၀၊ ၁၀၀၀၊ ၁၂၀၀ စသည်ဖြင့် အရွယ်အစားအလိုက် ပေါက်ဈေးများရှိကြောင်းသိရသည်။ ဒေသတွင်းသွားလာမှု ကန့်သတ်ချက်များကြောင့် ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုရပ်တန့်နေပြီး ကန့်သတ်မှုများမှာ ဧပြီလကုန်အထိဖြစ်ပြီး ညမထွက်ရအမိန့်များပါထုတ်ပြန်ထားသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/education/9143908

## ကမ္ဘာ့စီးပွားရေးဖိုရမ်က ကြီးမှူး၍ကျင်းပသည့် ကိုဗစ်-၁၉ ဆိုင်ရာ အာရှ-ပစိဖိတ်ဒေသ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတက်ရောက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ပူးပေါင်း၍ ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) က Video Conference စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ အာရှ-ပစိဖိတ်ဒေသ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သူများ၏ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးခန်းမှ ပါဝင်တက်ရောက်သည်။ အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှတာဝန်ရှိသူများနှင့် အသိပညာရှင် အတတ်ပညာရှင်များ ပါဝင်တက်ရောက်ကြပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ဖြေရှင်းနိုင်ရန် အာရှ-ပစိဖိတ်ဒေသရှိ ခေါင်းဆောင်များအကြား ပုံမှန်ထိတွေ့မှုများ ဆောင်ရွက်သွားရန် ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဒေသတွင်း စည်းလုံးမှုကို ပိုမိုခိုင်မာစေခြင်းနှင့် အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုများသက်သာစေရန်နှင့် စီးပွားရေးပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်း များနှင့်စပ်လျဉ်း၍ အသိအမြင်များဖလှယ်ခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် လူသားတို့၏ ရှင်သန်ရေးနှင့်စားဝတ်နေရေး သာမက ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးရွားစွာထိခိုက်စေလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါသည် နေရာဒေသမရွေး ဖြစ်ပွားနိုင်သည့်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးပါလျက်ရှိကြောင်း၊

ကိုဗစ်-၁၉ အလွန်ဒေသတွင်း စီးပွားရေးနှင့်ကမ္ဘာ့စီးပွားရေးတစ်ရပ်လုံး ပြန်လည်နိုးထရေးအတွက် ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံချင်းရပ်တည်၍ ဆောင်ရွက်ရုံမျှနှင့် မလုံလောက်နိုင်ကြောင်း၊ အထူးသဖြင့် ဒေသတွင်းရိက္ခာဖူလုံရေး၊ ရောဂါကာကွယ် ကုသရေးနှင့်စီးပွားရေးများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရန်အတွက် ဘဏ္ဍာရေးအကူအညီ အထောက်အပံ့များရရှိရေးမှာလည်း အရေးကြီးသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဦးစားပေးအဆင့်အလိုက် လွယ်ကူချောမွေ့စွာလည်ပတ်နိုင်ရေးလည်း အရေးကြီးကြောင်းပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ မိတ်ဖက်များနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် ချိတ်ဆက်နိုင်ရန်၊ ဈေးကွက်ပွင့်လင်းစေရန်၊ အရေးပေါ်နှင့်ရေရှည်ဖွံ့ဖြိုးမှုအကူအညီများကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်မည့်ကဏ္ဍများသို့ ထောက်ပံ့ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## COVID19 ကြောင့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်နှေးဆိုင်း

COVID 19 ဖြစ်ပွားနေမှုကြောင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများ ရပ်တန့်လိုက်ရခြင်းနှင့် နှေးဆိုင်းလိုက်ရခြင်းများ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ် Mr Lee Sanghwa က မြန်မာတိုင်း(မ်)ကိုပြောသည်။ ကိုရိုနာ၏ ဆိုးကျိုးသက်ရောက်မှုကြောင့် ကုန်သွယ်မှုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုဖြစ်စေ ကြန့်ကြာမှုများ၊ လျော့ကျခြင်းများ ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံတိုင်းတွင်ဖြစ်ပေါ်နေပြီး ကိုရီးယားနိုင်ငံအနေဖြင့်လည်း မြန်မာနှင့်ဆက်ဆံရေးလုပ်ငန်းများတွင် အလားတူဖြစ်ပေါ်နေခြင်းဖြစ်သည်။ "အထူးသဖြင့် မြန်မာမှာဆိုရင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA (KoreaInternational Cooperation Agency) ထောက်ပံ့ပေးသည့် လုပ်ငန်းစဉ်တွေ၊ ETC ရဲ့ ချေးငွေကိစ္စတွေအပြင် ကိုရီးယားကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး ရပ်တန့်လိုက်ရတာတွေ၊ အချိန်နှေးဆိုင်းလိုက်ရတာတွေ အများကြီးဖြစ်ပေါ်နေပါတယ်"ဟု သံအမတ်ကပြောသည်။

ထို့ပြင် ကိုရီးယားနည်းပညာများကို မြန်မာအား မျှဝေပေးမည့်အစီအစဉ်များရှိပြီး ယင်းသည်လည်း ကိုဗစ်-၁၉ ဖြစ်နေသည့်အခိုက်အတန့်ကြောင့် အကုန်လုံးကြန့်ကြာနေသည်ဟု ၎င်းက ပြောသည်။ Covid19 ပျောက်ကင်းသွားသည်နှင့် တစ်ပြိုင်နက် ကိုရီးယားအစိုးရက မြန်မာအစိုးရအား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ သင်ကြားမှုအပိုင်းများ ထောက်ပံ့ပေးမည့် အစီအစဉ်ရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်က ပြောသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် ကိုရီးယားသမ္မတက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြောဆိုခြင်းများရှိသကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်အနေဖြင့်လည်း စီးပွားရေးနှင့် သက်ဆိုင်သောဝန်ကြီးများထံ သွားရောက်တိုင်ပင်ဆွေးနွေးရန်စီစဉ်ထားသည်ဟုဆိုသည်။ "မြန်မာက အခုအခြေအနေအရကြည့်ရင် စီးပွားရေးမှာ ကောင်းကောင်းတောင့်ခံနိုင်သေးတယ်။ ဒါပေမဲ့ ဒီထက်အချိန်ကြာလာရင် မြန်မာအစိုးရက တောင့်မခံနိုင်တော့တာမျိုး ဖြစ်လာနိုင်တယ်။ အဲဒီအခါကျရင် ကိုရီးယားအစိုးရအနေနဲ့ ထောက်ပံ့ပေးတဲ့ အခြေအနေမျိုးတွေရှိတယ်။ ဒါပေမဲ့ ဒီအခြေအနေမျိုးကို လွတ်သွားရင် မကူညီနိုင်တဲ့အနေအထားဖြစ်လာမှာစိုးတဲ့အတွက် အဲဒီအနေအထားမျိုးမရောက်အောင်၊ အချိန်ကို လွတ်ထွက်မသွားအောင် အစိုးရအချင်းချင်း တောက်လျှောက်ဆက်သွယ်နေပါတယ်"ဟု Mr Lee Sanghwa က ပြောသည်။

Covid19 ကြောင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများ နှေးဆိုင်းထားရသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုတွင် ရပ်တန့်ခြင်းမရှိသေးသော်လည်း အရှိန်လျော့သွားသည်ဟုသိရသည်။ လက်ရှိတွင် ကိုရီးယားရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံရှိ နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှုတွင် နံပါတ် ၆ နေရာတွင် ရပ်တည်နေသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်၊ မတ်လကုန်အထိ လုပ်ငန်းပေါင်း ၁၈၃ ခုတွင် အမေရိကန်ဒေါ်လာ ၄,၀၄၂ ဒသမ ၄၃၄ သန်းဖိုး ရင်းနှီးမြှုပ်နှံထားသည်။ အလားတူ ကိုရီးယားနှင့်မြန်မာအကြားကုန်သွယ်မှုတွင်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ၉၇၆ သန်းကျော်ရှိပြီး ပို့ကုန်ပမာဏ ၅၂၃ သန်းကျော်၊ သွင်းကုန်ပမာဏ ၄၅၃ သန်းကျော်ရှိသည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမလေးပတ်တွင်

နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၃၃၇ သန်းကျော် ကုန်သွယ်မှုပြုထားပြီး ပို့ကုန်ပမာဏ ၁၇၈ သန်းကျော်၊ သွင်းကုန်ပမာဏ ၁၅၈ သန်းကျော်ရှိရာ မြန်မာဘက်က ပို့ကုန် ပိုမိုတင်ပို့နေခြင်းဖြစ်သည်ကိုတွေ့ရသည်။

**Source:** https://myanmar.mmtimes.com/news/138517.html

## ကိုဗစ်ကာလအတွင်း ရန်ကုန်စတော့ရှယ်ယာဈေးကွက်တွင် နိုင်ငံခြားသားရှယ်ယာဝယ်ယူမှုများလာ

မြန်မာနိုင်ငံတွင် ကိုဗစ်ဖြစ်ပွားနေသော်လည်း ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများတွင် နိုင်ငံခြားသားများ၏ အစုရှယ်ယာဝယ်ယူရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာနေသည်ဟု ရန်ကုန်စတော့အိတ်ချိန်း၏ နေ့စဉ်အရောင်းအဝယ် မှတ်တမ်းများတွင် ဖော်ပြထားသည်။ နိုင်ငံခြားသားများသည် ဧပြီ ၂၀ ရက်အထိ FMI ကုမ္ပဏီတွင် ရှယ်ယာအစုရေ ၂,၀၀၂ စုနှင့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီ MTSH တွင် အစုရေ ၄,၄၆၀ အထိ ရန်ကုန်စတော့အိတ်ချိန်း၏ နေ့စဉ် ရှယ်ယာအရောင်းအဝယ်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်ဝယ်ယူထားကြသည်။ ''ကိုဗစ်ပြဿနာရှိနေပေမဲ့လည်း မြန်မာနိုင်ငံ တွင်းမှာပဲ ဆက်ပြီးနေကြတဲ့ နိုင်ငံခြားသားတွေရှိနေသေးတယ်။ အဲဒီလိုပြည်တွင်းနေတဲ့ နိုင်ငံခြားသားတွေက ရှယ်ယာ ဈေးကွက်မှာပါဝင်ပြီး ဝယ်နေကြတာပါ။ ကိုဗစ်ကြောင့် စီးပွားရေးအခြေအနေက ခန့်မှန်းရခက်နေပေမဲ့ နိုင်ငံခြားသားတွေ ကတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ယုံကြည်နေတယ်ဆိုတဲ့ပုံစံကို တွေ့ရတာပေါ့''ဟု ရန်ကုန်စတော့အိတ်ချိန်း၏ အကြီးတန်းအလုပ်အမှုဆောင် မန်နေဂျာ ဦးသက်ထွန်းဦးက မြန်မာတိုင်း(မ်)ကိုပြောသည်။

ယင်းသို့ဖြစ်ပေါ်ပြီးနောက် ဧပြီ ၃ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာတန်ဖိုးများမှာ FMI ကုမ္ပဏီကျပ် ၉,၄၀၀၊ MTSH ကုမ္ပဏီ ကျပ် ၃,၄၅၀၊ မြန်မာနိုင်ငံသားဘဏ် MCB ကုမ္ပဏီ ကျပ် ၇,၈၀၀၊ ပထမပုဂ္ဂလိကဘဏ် FPB ကုမ္ပဏီ ကျပ် ၂၁,၀၀၀ နှင့် TMH တယ်လီကွန်း ဝန်ဆောင်မှုကုမ္ပဏီသည် ကျပ်၂,၇၀၀ အသီးသီး ကျဆင်းသွားခဲ့သည်။ သင်္ကြန်ကာလရုံးပိတ်ရက်များအပြီး ပြန်လည်ရောင်းဝယ်မှုပြုလုပ်ခဲ့သည့် ဈေးကွက်တွင်မူ နိုင်ငံခြားသားများ ရှယ်ယာ ရောင်းဝယ်မှုများလာခြင်းကြောင့် စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာဈေးများသည် ပြန်လည်မြင့်တက်လာခဲ့သည်ဟု ဦးသက်ထွန်းဦးကပြောသည်။

ယခု ဧပြီ ၂၀ ရက်တွင် စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းများမှာ FMI ကုမ္ပဏီ ကျပ် ၁၀,၅၀၀၊ MTSH ကုမ္ပဏီ ကျပ် ၃,၆၅၀၊ မြန်မာနိုင်ငံသားဘဏ် MCB ကုမ္ပဏီ ကျပ် ၈,၂၀၀၊ ပထမပုဂ္ဂလိကဘဏ် FPB ကုမ္ပဏီ ကျပ် ၂၁,၅၀၀ နှင့် TMH တယ်လီကွန်းဝန်ဆောင်မှု ကုမ္ပဏီသည် ကျပ် ၂,၈၀၀ အသီးသီးရှိနေသည်။ မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါကူးစက်ခံရသူဦးရေသည် ဧပြီ ၂၁ ရက်တွင် ၁၂၁ ဦးအထိရှိလာကာ သေဆုံးသူ ၅ ဦးရှိသည်။ ယင်းအခြေအနေများကြောင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းများကို ဧပြီ ၂၀ ရက်မှ ၃၀ ရက်အထိ ယာယီအလုပ်ပိတ်ကာလအဖြစ် ဆောင်ရွက်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/138520.html

## အွန်လိုင်းစနစ်ဖြင့် သွင်းကုန်လိုင်စင် ၁၉၆ လိုင်း ထပ်မံထုတ်ပေး

အွန်လိုင်းစနစ်ဖြင့် လိုင်စင်လျှောက်ထားမှုများ ပိုမိုအဆင်ပြေစေရန်အတွက် ဒုတိယအကြိမ်အဖြစ် သွင်းကုန်လိုင်စင် HS Line (၁၉၆) လိုင်းကို ဧပြီလ ၂၃ ရက်နေ့မှစကာ ထပ်မံထုတ်ပေးလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနထံမှသိရသည်။ ကိုရိုနာဗိုင်းရပ်စ် (Covid-19) အရေးပေါ်ကာလအတွင်း ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ဧပြီလ ၁ ရက်နေ့မှစကာ ပို့ကုန်သွင်းကုန် လိုင်စင်ပါမစ်များကို အွန်လိုင်းစနစ်ဖြင့် ထုတ်ပေးဆောင်ရွက်လျက်ရှိရာ ပထမအကြိမ်အဖြစ် ပို့ကုန် HS Line ၇၃ လိုင်း၊ သွင်းကုန် HS Line ၉၁ လိုင်းလျှောက်ထားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းသိရသည်။ "ပို့ကုန်သွင်းကုန်လိုင်စင်ကို အွန်လိုင်းက လျှောက်တာ မိနစ် ၂၀ ပဲကြာတယ်။ အခုလိုအချိန်မှာ သွင်းကုန်လိုင်စင်တွေ ထပ်တိုးထုတ်ပေးလိုက်တာ လုပ်ငန်းရှင်တွေ အတွက်အဆင်ပြေတာပေါ့" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ထို့ပြင် ဒုတိယအကြိမ်အဖြစ် သွင်းကုန် HS Line ၄၅၅ လိုင်းကို ထပ်မံတိုးမြှင့်၍ ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။ အွန်လိုင်းစနစ်ဖြင့် စတင်ထုတ်ပေးသည့် ဧပြီ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ပို့ကုန်သွင်းကုန်လိုင်စင်စောင်ရေ ၂၉၈ စောင်၊ တန်ဖိုးအမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်ကို အွန်လိုင်းစနစ်ဖြင့်ထုတ်ပေးခဲ့ပြီး အများစုမှာ လက်ရှိကာလအတွင်း ပြည်သူအတွက်အရေးပေါ်လိုအပ်သည့် ဆေးနှင့်ဆေးဝါးဆေးသုံးပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့်စက်ဆီချောဆီတို့ပါဝင်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/342975/

## COVID– 19 ကြောင့် ရန်ကုန်၊ မန္တလေး ရွှေဈေးကွက် အရောင်းအဝယ်ရပ်တန့်ထား

COVID–19 ကြောင့် ပြည်တွင်းရွှေဈေးကွက်ရပ်ဆိုင်းနေပြီး ရွှေဆိုင်များတွင် အရောင်းအဝယ်ရပ်တန့်ထား ကြောင်း ရန်ကုန်နှင့် မန္တလေးရွှေလုပ်ငန်းရှင်အသင်းများထံမှသိရသည်။ ရန်ကုန်တိုင်းတွင် ရွှေဈေးကွက်ကို ဆက်လက်ပိတ်ထားမည်ဖြစ်ပြီး လက်ရှိတွင် ရွှေဆိုင်များကလည်း အဝယ်ကိုလက်ခံနေသည် ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ “အခုက ရွှေဆိုင်တွေက သူ့ဘာသာ ဈေးဖွင့်နေတယ်။ လက်ရှိ လူငါးဦးထက်ပိုမစုရဘူးဆိုတော့ ဈေးကွက်ပြန်ဖွင့်ဖို့ကကြာဦးမယ်”ဟု ဦးမျိုးမြင့်ကဆိုသည်။ ရန်ကုန်တိုင်းအတွင်း လက်ရှိရွှေဈေးသည် တစ်ကျပ်သားလျှင် ကျပ် ၁,၁၅၀,၀၀၀ ဝန်းကျင် ရှိသည်ဟု ၎င်းကဆိုသည်။

မန္တလေးတိုင်းအတွင်း ရွှေအရောင်းအဝယ်ကို လုပ်ငန်းရှင် အချင်းချင်း တိုက်ရိုက်စနစ်ဖြင့်သာ ရောင်းဝယ်နေပြီး ရွှေဆိုင်များ ဖွင့်လှစ်ခြင်းမရှိသေးကြောင်း မန္တလေးရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းကပြောသည်။ မန္တလေးတိုင်း အတွင်း ရွှေဈေးကွက်ကို ဧပြီလမကုန်ခင် ပြန်လည်ဖွင့်လှစ်ရန်လည်း စီစဉ်နေသည်ဟု ၎င်းကဆိုသည်။

ရန်ကုန်တိုင်းတွင် ရွှေဈေးကွက်ကို မတ်လ ၂၉ ရက်တွင် ရပ်တန့်ခဲ့ပြီး မန္တလေးတိုင်းက ဧပြီလဆန်းတွင် ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တိုင်းတွင် ရွှေဈေးကွက် နောက်ဆုံးသတ်မှတ်ခဲ့သည့် ပြည်တွင်းပေါက်ဈေးမှာ ၁,၁၆၄, ၅၀၀ ကျပ်ဖြစ်ပြီး ပြည်ပရွှေဈေးသည် တစ်အောင်စ ၁,၆၁၈ ဒေါ်လာရှိသည်။ လက်ရှိတွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စ ၁,၆၉၃ ဒေါ်လာအထိ မြင့်တက်နေသည်။

**Source:** https://7day.news/detail?id=184353

## ယာဉ်မောင်းလဲလှယ်သည့်စနစ်ကို နယ်စပ်ဂိတ်အားလုံးတွင်အသုံးပြုရန် တရုတ်နိုင်ငံကသတ်မှတ်



COVID–19 ရောဂါ ထိန်းချုပ်ရေးအတွက် မူဆယ်အပါအဝင် နယ်စပ်ဂိတ်များတွင် မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်မောင်းများကို တရုတ်နိုင်ငံဘက်ခြမ်းရှိ ယာဉ်မောင်းများဖြင့် လဲလှယ်ရမည့် စနစ်အသုံးပြုရန် တရုတ်နိုင်ငံကသတ်မှတ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မန်ဝိန်း၊ ကျင်စန်း ကျော့၊ ကန်ပိုက်တီနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် ယာဉ်မောင်းလဲလှယ်သည့်စနစ်ကို ကျင့်သုံးနေပြီး ချင်းရွှေဟော် ဂိတ်တွင်မူ ဧပြီ ၂၅ ရက်တွင် စတင်မည်ဟု တရုတ်နိုင်ငံက အကြောင်းကြားသည်ဟု ဦးခင်မောင်လွင်ကပြောသည်။ “နံပါတ်(၁) အချက်က ကိုယ့်နိုင်ငံကပို့ချင်နေတာဖြစ်တယ်။ အောက်ခြေမှာ ကုန်စည်တင်ပို့ ရတာ အခက်အခဲဖြစ်နေတာလည်းသိတယ်။ ဒါပေမဲ့ ညှိနှိုင်းလို့ အဆင်ပြေတာနဲ့တစ်ပြိုင်နက် အသိပေးသွားမှာပါ”ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ကုန်သွယ်ရေးစခန်းများသာ ယာဉ်မောင်းလဲလှယ်ရသည့်စနစ်အသုံးပြုခြင်း ဖြစ်ပြီး

မြဝတီ၊ တာချီလိတ်အစရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ယာဉ်မောင်းတစ်ဦးနှင့် မော်တော်ယာဉ်ကို ဝင်ခွင့်ပြုဆဲဖြစ်ကြောင်း ဦးခင်မောင်လွင်ကဆိုသည်။ တရုတ်နိုင်ငံရှိ ကျယ်ဂေါင်ဂိတ်ကို COVID–19 ကာကွယ် ထိန်းချုပ်ရေး ထပ်ဆင့်တိုးဆောင်ရွက်ရန်နှင့် ရောဂါကူးစက်မှု အန္တရာယ်လျှော့ချနိုင်ရန်အတွက် ကျယ်ဂေါင်ကုန်ပစ္စည်း ပို့ဆောင်ရေး ကားကွင်းကို သီးခြား အုပ်ချုပ်မှုဇုန်အဖြစ်သတ်မှတ်ကာ ယာဉ်မောင်းလဲလှယ် မောင်းနှင်ဝင်ရောက်ရန် ဧပြီ ၅ ရက်က စတင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ “အဲဒီလို သတ်မှတ်တော့ ပြည်တွင်းကတက်လာမယ့် ကားတွေကိုတားရတယ်။ ဒီမှာစုပြုံသွားပြီး ကုန်ပစ္စည်းပုပ်သိုးတာတွေဖြစ်ကုန်လို့။ တချို့ဆို ကားခတောင်မရကြတော့ဘူး။ ဒါကြောင့်ချိတ်ဆက်ပြီး တက်လာဖို့ ပြောချင်တယ်”ဟု မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သက်ဦးကပြောသည်။ ယခင်က တစ်ရက်လျှင် ကုန်စည်ယာဉ် အစီး ၅၀၀ ခန့်ဝင်နေသည့်ဂိတ်များတွင် အစီး ၂၀၀ ခန့်သာ ဝင်ရောက်နိုင်သဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးကို ထိခိုက်ကြောင်း မူဆယ်ကုန်စည် ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။

**Source:** https://7day.news/detail?id=184352

## ကိုဗစ်–၁၉ ကြောင့် ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ်ကိုင်လှုပ်

ကိုဗစ်–၁၉ သည် ကမ္ဘာ့စွမ်းအင်ဝယ်လိုအားကို အကြီးအကျယ်ထိခိုက်ပျက်စီးစေပြီး ရေနံရောင်းလိုအားကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည့်အတွက် အမေရိကန်ရေနံစိမ်းဈေးကွက် ရှေ့အလားအလာသည် ပထမဆုံးအကြိမ်အဖြစ် သုညအောက်ရောက် ရှိခဲ့ကာ ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ် ကိုင်လှုပ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။ ရင်းနှီးမြှုပ်နှံသူများ ကလည်း ကမ္ဘာ့စီးပွားရေးဆိုးရွားစွာ ကျဆင်း သွားမည်ကို စိုးရိမ်လျက်ရှိသလို သွင်းကုန်၊ ပို့ကုန်များအရှုံးပေါ်ခြင်းက ကမ္ဘာ့ရှယ်ယာဈေးကွက်ကို တစ်ရစ်ပြီးတစ်ရစ်ကျဆင်းလာစေသည်။ ဝက်စ်တက္ကဆက် အင်တာ မီဒီယိတ် (ဒဗလျူတီအိုင်) ရေနံစံ သတ်မှတ်ချက်ဈေးနှုန်းသည် မမျှော်မှန်းနိုင်လောက်အောင် အနုတ်ဈေးသို့ကျဆင်းလာခဲ့သည်။ အနုတ်ဈေးသို့ ကျဆင်းလာ သည်ဆိုခြင်းမှာ ကုန်သည်များက ဝယ်သူများကို အလိုလိုက်အကြိုက် ဆောင်ပြီး ရှာဖွေလာရခြင်းကို ဆိုလိုသည်။

ကိုဗစ်–၁၉ ကြောင့် ပိတ်ဆို့မှုများပြုလုပ်ရသည့်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်းကျဆင်းလာချိန်တွင် ရေနံဈေးကွက် သည်လည်း ရောင်းအားပိုလျှံမှုကြောင့် ကမောက်ကမအခြေအနေများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။ ရေနံဈေးကွက်ကစားသူများက ဝယ်သူများကိုမက်လုံးပေးပြီး သတ်မှတ်သည့် မျက်မြင်သိုလှောင်ပမာဏရောက်ရှိအောင် လုပ်ဆောင်နေကြကြောင်း စွမ်းအင်ဈေးကွက်လေ့လာသူ လောက်စီဒစ်ဆွန်က ပြောကြားလိုက်သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## အာရပ်တွင် လက်ဘနွန်ဆေးခြောက် ပထမဆုံး တရားဝင်ခွင့်ပြု၊ စီးပွားရေးကျပ်တည်းမှုကို ကျော်လွှားရန်ဟုဆို



လက်ဘနွန်နိုင်ငံသည် အာရပ်နိုင်ငံများထဲတွင် ဆေးခြောက်ကို ပထမဆုံးတရားဝင်စိုက်ပျိုးခွင့်ပြုသည့် နိုင်ငံဖြစ်လာမည်ဖြစ်ပြီး တိုင်းပြည်၏ ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းရန်ဖြစ်ကြောင်း The Independent သတင်းတစ်ရပ်တွင်ဖော်ပြသည်။ ဆေးဘက် ဆိုင်ရာအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးမည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမှုသည် တိုင်းပြည်၌ ဘဏ္ဍာရေးအကျပ်အတည်းကို ရင်ဆိုင်နေ ရချိန်တွင် အမြတ်အစွန်းများသည့် ပို့ကုန်အဖြစ် နိုင်ငံခြားငွေ ရရှိနိုင်ရန် လုပ်ဆောင်ချက်ဖြစ်ကြောင်း ယင်းသတင်းတွင်ဖော်ပြသည်။ လက်ဘနွန်ရှိ Bekaa ချိုင့်ဝှမ်းတွင် နှစ်ပေါင်းများစွာ ဆေးခြောက်ကို တရားမဝင် စိုက်ပျိုးခဲ့သော်လည်း ယခုအခါ အစိုးရမှာ ဒေါ်လာဘီလီယံချီ ကုန်သွယ်မှုအဖြစ် ပြောင်းလဲရန် ရည်ရွယ်နေခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏အဆိုအရ လက်ဘနွန်သည် မော်ရိုကိုနှင့် အာဖဂန်နစ္စတန်ပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး ဆေးခြောက် တင်ပို့သည့် နိုင်ငံဖြစ်လာသည်။ ဆေးခြောက် တရားဝင်စိုက်ပျိုးခွင့် ဥပဒေသစ်ကို ဧပြီလ ၂၁ ရက်နေ့တွင် ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး

ယင်းဥပဒေသစ်သည် ဆေးခြောက်တရားမဝင်ထုတ်လုပ်မှုများကို ရပ်တန့်စေရန်နှင့် ရှိနှင့်ပြီးသားစိုက်ပျိုးမှုများကို ထိန်းညှိစေနိုင်မည်ဖြစ်သည်။ အဆိုပါ ဥပဒေပြဌာန်းခြင်း၏ရည်ရွယ်ချက်တွင် အထည်လိပ်နှင့်ဆေးဝါးများအထိ လည်ပတ်နိုင်သည့် ဒေါ်လာဘီလီယံနှင့်ချီသည့်စက်မှုလုပ်ငန်းကို တည်ဆောက်ရန်လည်းပါဝင်ကြောင်း လက်ဘနွန်ရှိ The Daily Star တွင် ဖော်ပြသည်။ အီရန်ကျောထောက်နောက်ခံပြုထားပြီး Bekka ချိုင့်ဝှမ်းဒေသကို ထိန်းချုပ်ထားသည့် ဟစ်ဇ်ဘိုလာ ရှီးဟိုက်စစ်သွေးကြွအုပ်စုက ယင်းဥပဒေကို ဆန့်ကျင်ကန့်ကွက်ထားသည်။ ဟစ်စဘိုလာ (Hezbollah) အဖွဲ့၊ အီရန်ကျောထောက်နောက်ခံပြု Shia ပြည်သူ့စစ်နှင့် Bekaa ချိုင့်ဝှမ်းဒေသကို ထိန်းချုပ်သည့် နိုင်ငံရေးအုပ်စုများက အဆိုပါ ဥပဒေပြဌာန်းခြင်းကို ဆန့်ကျင်ထားသည်။

ဥပဒေကြမ်းကို ထောက်ခံသူများကမူ သူတို့၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စီးပွားရေးမောင်းနှင်ရန်သာဖြစ်ပြီး အခြားရည်ရွယ်ချက်မရှိကြောင်း ပြောဆိုထားသည်။ "ကျွန်တော်တို့အနေနဲ့ ကိုယ့်ကျင့်တရားနဲ့ လူမှုရေးဆိုင်ရာ သံသယတွေရှိပေမယ့် ဒီကနေ့မှာတော့ စီးပွားရေးကို ဘယ်လိုနည်းလမ်းနဲ့မဆို ကူညီဖို့လိုအပ်နေပါတယ်" ဟု လက်ဘနွန်နိုင်ငံ လွတ်လပ်သောမျိုးချစ်လှုပ်ရှားမှုနိုင်ငံရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သူ Alain Aoun က ပြောကြားသည်။ တန်ဖိုးမြင့် ဆေးဝါးများထုတ်လုပ်ရန် ဆေးခြောက်တရားဝင်စိုက်ပျိုးခွင့်ကို လက်ဘနွန်အစိုးရက ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမေရိကမှ McKinsey အကြံပေးလုပ်ငန်း၏ အစီရင်ခံစာမှ လေ့လာခဲ့ခြင်းဖြစ်သည်။ အကြံပေးလုပ်ငန်း၏ ခန့်မှန်းချက်အရ ဆေးခြောက်စိုက်ပျိုးမှ ခန့်မှန်းခြေ နှစ်စဉ်ဒေါ်လာတစ်ဘီလီယံအထိ ရရှိနိုင်မည်ဖြစ်သည်။ လက်ဘနွန်အာဏာပိုင်များအနေနှင့် တရားမဝင်ဆေးခြောက်စိုက်ပျိုးမှုနှင့်ပတ်သက်သည့် ကုန်သွယ်မှုကိုရင်ဆိုင်နေရသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့်လက နိုင်ငံအတွင်း အကြီးမားဆုံး မူးယစ်သယ်ဆောင်မှုအဖြစ် အာဖရိကန်နိုင်ငံသို့ မှောင်ခိုတင်သွင်းရန် ရည်ရွယ်ထားသည့် ဆေးခြောက် ၂၅ တန်ကို လက်ဘနွန်ရဲများက ဖမ်းဆီးခဲ့သည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/603009543633661?__tn__=K-R

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ GDP ၆.၉ ရာခိုင်နှုန်းကျဆင်းမည်ဟု IMF ခန့်မှန်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ (COVID-19) အကျပ်အတည်းကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ GDP ၆.၉ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးသည် ပြန်လည်ဖွံ့ဖြိုးတိုးတက်နိုင်ပြီး ၄.၆ ရာခိုင်နှုန်းဖြင့် တိုးတက်မှု ရှိနိုင်ကြောင်း ၁၄-၄-၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့သည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ နောက်ဆုံးထုတ် စီးပွားရေးခန့်မှန်းချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း ၁.၄ ရာခိုင်နှုန်းဖြင့် တိုးတက် ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းထားမှာ ၀.၃ ရာခိုင်နှုန်းဖြင့် အလွန်နိမ့် သည့်နှုန်းထားရှိမည်ဟု IMF က ခန့်မှန်းထားပြီး၊ ၂၀၂၁ ခုနှစ်တွင်မူ ဈေးနှုန်းများမြင့်တက်လာနိုင်မှုကြောင့် ငွေကြေးဖောင်းပွမှုနှုန်းထား အနည်းငယ် မြင့်တက်နိုင်ပြီး (၁.၁) ရာခိုင်နှုန်းရှိနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် (၅.၄) ရာခိုင်နှုန်းရှိခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းထားသည် ၂၀၂၀ ပြည့်နှစ်တွင် (၇.၃) ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အလုပ်လက်မဲ့နှုန်း (၆.၈) ရာခိုင်နှုန်းသို့ ပြန်လည်ကျဆင်းနိုင်မည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ခန့်မှန်းထားကြောင်း ဘရပ်ဆဲလ်တိုင်းမ်၏ ၁၄-၄-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရသိရှိရပါသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## အီးယူ၏ စီးပွားရေးပြန်လည်ထူထောင်ရန်အတွက် ယူရို ၅၀၀ ဘီလီယံ ထပ်မံလိုအပ်မည်

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအကျပ်အတည်းမှ စီးပွားရေးပြန်လည်ထူထောင်ရေး ဘဏ္ဍာရေးထောက်ပံ့နိုင်ရန်အတွက် ဥရောပ အနေဖြင့် နောက်ထပ်ယူရိုငွေ (၅၀၀) ဘီလီယံ ရှာဖွေရန် လိုအပ်မည်ဖြစ်ကြောင်း ယူရိုဇုန်ကယ်ဆယ်ရေးရန်ပုံငွေအဖွဲ့၏

အကြီးအကဲဖြစ်သူကပြောကြားခဲ့ကြောင်း၊ အီးယူ၏ဘဏ္ဍာရေးဝန်ကြီးများသည် အားပျော့လာသည့်စီးပွားရေးကို အထောက်အကူပေးနိုင်ရေး အီးယူဘတ်ဂျက်နှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေတို့ကို ချိတ်ဆက်အသုံးပြုမည့် ယူရို (၅၄၀) ဘီလီယံ တန်ဖိုးရှိသည့် အစီအမံများကို ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းမှ စီးပွားရေးပြန်လည်နိုးထနိုင်ရေးမှာ အချိန်ကာလကြာမြင့်ပြီး ကုန်ကျစရိတ်များပြားနိုင်ကြောင်းနှင့်ကုစားဆောင်ရွက်မှုနည်းလမ်းသစ်များလိုအပ်မှုရှိနိုင်ကြောင်း၊ ဥရောပတည်ငြိမ်ရေးယန္တရားလုပ်ငန်းစဉ် (European Stability Mechanism-ESM) ၏ ညွှန်ကြားရေးမှူးချုပ် Klaus Regling က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ စီးပွားရေးပြန်လည်နိုးထနိုင်ရေးဒုတိယအဆင့်အတွက် မိမိတို့အနေဖြင့် ဥရောပအဖွဲ့အစည်းများထံမှ နောက်ထပ်ယူရို (၅၀၀) ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါပမာဏထက်ပိုမို၍ လိုအပ်မှုလည်းရှိနိုင်ကြောင်း၊ ယင်းအတွက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်အသစ်များကို ဆွေးနွေးရန်လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သဘောတူညီခဲ့သည့် ဘဏ္ဍာရေးအစီအမံများတွင် ဥရောပတည်ငြိမ်ရေးယန္တရားလုပ်ငန်းစဉ် (ESM) မှ ချေးငွေ ယူရို (၂၄၀) ဘီလီယံ၊ ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် (European Investment Bank) အတွက် ရန်ပုံငွေ ယူရို (၂၀၀) ဘီလီယံနှင့် ဥရောပကော်မရှင်၏ အလုပ်လက်မဲ့ပြန်လည်အာမခံပေးသည့်အစီအမံအတွက် ယူရို (၁၀၀) ဘီလီယံပါဝင်ကြောင်း politico ၏ ၁၉-၄-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရသိရှိရပါသည်။

Source: politico

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ပြည်သူလူထုအနေဖြင့် ကိုရိုနာပြန့်ပွားမှုကာကွယ်ရေးတွင် ပိုမိုပူးပေါင်းကြရန် ဂျပန်ဝန်ကြီးချုပ်က တိုက်တွန်းခဲ့

ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ် ကူးစက်ပြန့်ပွားမှုကိုကာကွယ်ရန် လူတစ်ဦးနှင့် တစ်ဦး ထိတွေ့မှုကို ရှောင်ရှားကြရန်အတွက် ပြည်သူလူထုအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe က တိုက်တွန်းခဲ့ပါသည်။ မြို့တော်တိုကျိုအပါအဝင် အခြားစီရင်စုဒေသ ၆ ခုတွင် အရေးပေါ်အခြေအနေ ကြေငြာခဲ့ ပြီးနောက် သီတင်းနှစ်ပတ်အကြာတွင် သတင်းထောက်များအား ဝန်ကြီးချုပ်ကပြောကြားခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိ၌ ဂျပန်နိုင်ငံတစ်နိုင်ငံလုံးတွင် အရေးပေါ်အခြေအနေ တိုးမြှင့်ကြေငြာခဲ့ပါသည်။

ဝန်ကြီးချုပ်က နေအိမ်များတွင်နေထိုင်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြသူများကို ကျေးဇူးတင်ပါကြောင်း၊ သို့သော် ပိတ်ရက်များတွင် မြို့တော်တိုကျိုမှ နေရပ်သို့ပြန်ကြသည့် လူအများလည်းရှိကြကြောင်း၊ လာမည့် ဧပြီလကုန်မှ မေလဆန်းပိုင်းသည် ဂျပန်၏ပိတ်ရက်ရှည်ကာလဖြစ်၍ အဆိုပါကာလအတွင်း ဗိုင်းရပ်စ်ထပ်မံကူးစက်မှုများရှိနိုင်သဖြင့် ဝေးလံသည့်ခရီးများ မသွားကြရန် တိုက်တွန်းခဲ့ပါသည်။

လက်ရှိဂျပန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ်အပိုင်းတွင် လွန်စွာအားစိုက်ဆောင်ရွက်နေရပြီး အကျပ်အတည်းဝန်ထုတ်ဝန်ပိုးများလျော့ချရန်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုကာကွယ်ရန် လူအချင်းချင်းထိတွေ့မှုများကို ယခုထက်ပိုမိုလျော့ချပေးစေလိုကြောင်း၊ အရေးပေါ်အခြေအနေကြေငြာထားသည့် ကာလအတွင်း အစိုးရ၏ညွှန်ကြားချက်ကို မလိုက်နာဘဲ ဖွင့်လှစ်ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းများကို တင်းကျပ်စွာ စည်းမျဉ်းများထပ်မံချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး Mr. Nishimura Yasutoshi ကပြောကြားခဲ့ပါသည်။

Source: **စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဂျပန်အစိုးရက ယန်းငွေတစ်သိန်း ထောက်ပံ့မည့်အစီအစဉ်နှင့်ပတ်သက်သည့် အချက်အလက်အကျဉ်းချုပ်ကို ထုတ်ပြန်ကြေငြာခဲ့

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ကိုင်တွယ်ဖြေရှင်းမှုများမှ စီးပွားရေးဆိုင်ရာပံ့ပိုးဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဂျပန်အစိုးရသည် နိုင်ငံအတွင်း နေထိုင်သူအားလုံးအတွက် ယန်းငွေတစ်သိန်းစီထောက်ပံ့ပေးမည့် အစီအစဉ်အသေးစိတ်နှင့် ပတ်သက်သည့် အချက်အလက်အကျဉ်းချုပ်ကို ထုတ်ပြန်ကြေငြာခဲ့ပါသည်။ မည်သည့်နိုင်ငံသားဖြစ်စေ

ဂျပန်နိုင်ငံ၏ နေထိုင်သူအခြေခံမှတ်ပုံတင်စာရင်းတွင် ပါဝင်သူတိုင်းကို ယန်းငွေတစ်သိန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဧပြီလ ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီး Mr. TakaichiSanae က အဆိုပါ အစီအစဉ် အကျဉ်းချုပ်ကို ကြေငြာခဲ့ပါသည်။

ဧပြီလ ၂၇ ရက် တွင် ဂျပန်နိုင်ငံ၌ နေထိုင်သူအခြေခံမှတ်ပုံတင်စာရင်းတွင် ပါဝင်သူတိုင်း အကျုံးဝင်မည်ဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ ဂျပန်နိုင်ငံတွင် နေထိုင်သူအဖြစ် မှတ်ပုံတင်ထားပြီး ဗီဇာသက်တမ်း ၃ လ အထက်ရှိသည့် နိုင်ငံခြားသားများ အပါအဝင် ယခုအစီအစဉ်နှင့် အကျုံးဝင်သည်ဟူသည့် အဓိပ္ပါယ်ဖြစ်ပါကြောင်း ဆိုပါသည်။

မြို့ရွာအုပ်ချုပ်ရေးရုံးများမှ အိမ်ထောင်ဦးစီးများထံ လျှောက်လွှာများပေးပို့သွားမည်ဖြစ်ပြီး လျှောက်ထားသူများ အနေဖြင့် ကိုယ်ရေးသက်သေခံအထောက်အထားနှင့် ဘဏ်စာရင်းဆိုင်ရာ အချက်အလက်မိတ္တူများကိုပူးတွဲ၍ ဘဏ်စာရင်း နံပါတ်တစ်ခုကိုပါ တင်ပြပေးရမည်ဖြစ်ပါကြောင်း၊ အိမ်ထောင်စုအတွက် ပေးအပ်မည့်ငွေစုစုပေါင်းကို ဘဏ်စာရင်းတွင် လွှဲပြောင်းပေးပို့သွားမည်ဖြစ်ပါကြောင်း၊ အွန်လိုင်းမှ တစ်ဆင့်လျှောက်ထားရန် "My Number Card" အမည်ရသည့် တစ်ဦးချင်း သက်သေခံစနစ်ကိုလည်း အသုံးပြုလျှောက်ထားနိုင်ပါကြောင်း၊ အစောဆုံးအနေဖြင့် မေလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး အုပ်ချုပ်ရေးရုံးများမှ တာဝန်ယူဆောင်ရွက်ကြမည်ဖြစ် ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အကဲဖြတ်အဆင့်နိမ့်ကျသော်လည်း ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ ပိုမိုကောင်းမွန်လာနိုင်ကြောင်း စီးပွားကူးသန်းဝန်ကြီးကပြောကြားခြင်း

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) ၏ အကဲဖြတ် အဆင့်တွင် ဟောင်ကောင်၏ ဂျီဒီပီမှာ ယခင်နှစ်ထက် (၄.၈) ရာခိုင်နှုန်းကျဆင်းနိုင်ပြီး အဆင့်မှာ နှစ်ပေါင်း (၂၀) အတွင်း စီးပွားရေးမှာအနိမ့်ဆုံး ဖြစ်သွားနိုင်ကြောင်း ခန့်မှန်းထားသော်လည်း ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ အနည်းငယ်ပိုမိုကောင်းမွန်လာကြောင်း၊ Covid–19 ဖြစ်ပွား မှုကြောင့် ဟောင်ကောင်အပါအဝင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးကျဆင်းမည်ဟု ကမ္ဘာ့အဖွဲ့ အစည်းများမှ ခန့်မှန်းထားရှိကြောင်း၊ အသွားအလာကန့်သတ်တားမြစ်ထားသော မြို့များရှိပြီး လုပ်ငန်းကဏ္ဍများအားလုံးတွင် ပြင်းထန်စွာ ရိုက်ခတ်မှုများရှိနေကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ ကပ်ရောဂါ Covid–19 အားထိန်းချုပ်နိုင်ရန် နှင့် စီးပွားရေးလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်း ထားနိုင်ရန် အစရှိသည့် အခက်အခဲ (၂) ခုကို ရင်ဆိုင်နေရပြီး ဒုတိယအခက်အခဲကို မကျော်လွှား နိုင်ခင် ပထမအခက်အခဲကို အောင်မြင်စွာ ဖြတ်ကျော်ရမည်ဖြစ်ကြောင်း၊ Covid–19 ကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးကို များစွာထိခိုက်လျက်ရှိရာ ဟောင်ကောင်ဒေသ၏ စီးပွားရေးမဏ္ဍိုင်များထဲမှ တစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းမှာ (၉၉) ရာခိုင်နှုန်းအထိကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်တွင် (၁.၅) ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟုခန့်မှန်းထားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် IMF က (၄.၈) ရာခိုင်နှုန်း လျော့ကျ နိုင်သည်ဟုခန့်မှန်းခဲ့ရာ ၁၉၉၈ ခုနှစ် အာရှဒေသ ငွေကြေးအကျပ်အတည်း ဖြစ်ပွားပြီးနောက် အဆိုးရွားဆုံးဖြစ်ကြောင်း၊ သို့သော် အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့တွင် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဂျီဒီပီ (၅) ရာခိုင်နှုန်း လျော့ကျနိုင် ကြောင်း IMF က ခန့်မှန်းထားရှိရာ ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ အဆိုပါ ဖွံ့ဖြိုးပြီးနိုင်ငံ များထက် ပိုမိုကောင်းမွန်နိုင်ကြောင်း၊ ဟောင်ကောင်၏ အဓိကကုန်သွယ်ဖက်ဖြစ်သည့် တရုတ် ပြည်မကြီး၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်တွင် (၁.၂) ရာခိုင်နှုန်း မြင့်တက်နိုင်သည်ဟု ခန့်မှန်း ထားကြောင်း၊ Covid–19 ဖြစ်ပွားမှုကြောင့် သက်ရောက်မှုများခံနေရသည့် အကြောင်းအရာများအပေါ်မူတည်၍ ငွေကြေးဈေးကွက်၊ ငွေကြေးမူဝါဒ၊ အထောက်အပံ့ ပေးမှုများအစရှိသည့် ဆောင်ရွက်မှုများအပေါ် မူတည်၍ ၂၀၂၁ ခုနှစ်တွင် စီးပွားရေးမှာ အနည်းငယ်ပြန်လည် ကောင်းမွန်လာ နိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလာမှုများ ကန့်သတ်တားမြစ်ထားသောကြောင့် ခရီးသွားလုပ်ငန်းမှာ လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာနိုင်ခြင်း မရှိကြောင်း၊ ဟောင်ကောင်ဒေသတွင် Covid–19 ကြောင့် ပြင်းထန်စွာ ရိုက်ခတ်မှုခံနေရသည့် စီးပွားရေးကဏ္ဍ (၁၆) ခုအတွက် ထောက်ပံ့ပေးနိုင်ရန် အလုပ်သမား (၁.၅) မီလီယံ၏ လစာ (၅၀) ရာခိုင်နှုန်းကို (၆) လစာပံ့ပိုးပေးရန် အစိုးရမှစီစဉ်လျက်ရှိကြောင်း၊ ပထမအကြိမ်အဖြစ် ဟောင်ကောင်ဒေါ်လာ (၃၀) ဘီလီယံပံ့ပိုးမှု

ပေးခဲ့သော်လည်း ကာလတိုသဘောတူညီမှုဖြင့် နေ့စား/အချိန်ပိုင်းဖြင့် လုပ်ကိုင်သည့်အလုပ်သမားများမှာ အလုပ်မှထွက်ခဲ့ရကြောင်း၊ ပင်စင်ခံစားခွင့် မရှိသည့် ပြင်ပ အလုပ်သမားများနေဖြင့် ထောက်ပံ့ငွေလစာဟောင်ကောင်ဒေါ်လာ (၇,၅၀၀) ရရှိရန် လူမှုဖူလုံရေးထောက်ပံ့စရိတ် လျှောက်ထားနိုင်ကြောင်းနှင့် အမြဲတမ်းနေထိုင်သည့် အရွယ်ရောက်ပြီးသူများ အား ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလက အစိုးရမှကြေညာခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ အနာဂတ်စီးပွားရေး အတွက် ကြိုတင်ပြင်ဆင်ရန် အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းများအား ပြောကြားခဲ့ကြောင်း၊ ဒေသအစိုးရမှ SMEs လုပ်ငန်းများအား အတိုးနှုန်းသက်သာစွာဖြင့် ဟောင်ကောင်ဒေါ်လာ (၁၂၃) ဘီလီယံ ချေးပေးမည်ဖြစ်ရာ အဆိုပါချေးငွေအစီအစဉ်အား ကောင်းမွန်စွာအသုံးချရန် ကုမ္ပဏီများအား ဟောင်ကောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Edward Yau မှ တိုက်တွန်းပြောကြားခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက် နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tssang က “Hong Kong economy better off than most despite IMF downgrade, says commerce minister” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## အိန္ဒိယနိုင်ငံ၌ ရပ်နားထားရသည့် ပြည်ပပို့ကုန်လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်ခြင်း

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအား ထိရောက်စွာကာကွယ်ထိန်းချုပ်ရန်အတွက် တစ်နိုင်ငံလုံးရှိ အသွားအလာများကန့်သတ်တားမြစ်ခြင်းကို ရက်သတ္တသုံးပတ်ကြာ ဆောင်ရွက်ခဲ့ပြီးနောက် ခေတ္တရပ်ဆိုင်းခဲ့ရသည့် အဓိကလယ်ယာထွက်ကုန်များ ပြည်ပတင်ပို့ခြင်းကို ဧပြီလတတိယပတ်၌ ပြန်လည်စတင်ခဲ့ပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနရှိ စိုက်ပျိုးရေး၊ သမဝါယမနှင့်တောင်သူလယ်သမားများ ဖူလုံရေးဦးစီးဌာနက ၁၅.၄.၂၀၂၀ နေ့၌ သတင်းထုတ်ပြန်ရာတွင် အဓိကပို့ကုန်များဖြစ်သော ဆန်၊ မြေပဲ၊ ပြုပြင်ပြီးစားသောက်ကုန်၊ အေးခဲအသား၊ နို့ထွက်ပစ္စည်းနှင့် အော်ဂဲနစ်ထွက်ကုန်များအား ပြည်ပတင်ပို့ခြင်းကို ပြန်လည်လုပ်ဆောင်လျက်ရှိပြီဖြစ်ကြောင်း၊ အစိုးရအဖွဲ့အစည်းများ အချင်းချင်းသဘောတူညီချက်များအရ အိန္ဒိယအစိုးရ၏ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းဖြစ်သော NAFED သည် အာဖဂန်နစ္စတန်နိုင်ငံသို့ ဂျုံတန်ချိန် ၅ သောင်းနှင့် လက်ဘနွန်နိုင်ငံသို့ ဂျုံတန်ချိန် ၄ သောင်းတင်ပို့မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုလွယ်ကူစေရန်အတွက် အပင်နှင့်တိရစ္ဆာန်များ ရောဂါကင်းစင်မှု နှင့် ကျန်းမာသန့်ရှင်းမှုဆိုင်ရာ ထောက်ခံချက်လက်မှတ်များ (Phyto-sanitary Certificate) အား သွင်းကုန်အတွက် အီလက်ထရွန်းနစ်မိတ္တူ (Digital copies) များကို လက်ခံဆောင်ရွက်လျက်ရှိ သကဲ့သို့ ပို့ကုန်အတွက်လည်း Phyto-sanitary Certificate စောင်ရေ ၉၇၅၉ ခု ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကုန်စည်ပို့ဆောင်မှုများအတွက် ရထားပို့ဆောင်ရေးခရီးစဉ် ၆၇ ခုတွင် ပါဆယ်အထူးရထား ၂၃၆ စင်းအား စီစဉ်ပြေးဆွဲ ပေးလျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ ပါသည်။

အိန္ဒိယ သတင်းမီဒီယာများက ရေးသားဖော်ပြမှုများအရ Lockdown ကာလအား မေလ ၃ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ထားသော်လည်း အိန္ဒိယမှဆန်တင်ပို့သူ ကုန်သည်များအနေဖြင့် မေလနှင့် ဇွန်လတို့၌ ပြည်ပသို့ဆန်တင်ပို့ရေး အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှုများ ဆောင်ရွက်လာကြကြောင်း၊ ကုန်သည်အချို့သည် မတ်လနှင့်ဧပြီလတို့တွင် တင်ပို့ရမည့်စာချုပ်များအရ လက်ရှိကာလ၌ လမ်းခုလတ်တွင်ကျန်ရှိနေသည့် လက်ကျန်ဆန်များ ဆက်လက်တင်ပို့နိုင်ရေး လုပ်ကိုင်လျက်ရှိကြောင်း၊ ဆန်ကုန်သည်များ၏အဆိုအရ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘီနင်၊ ဆီနီဂေါ စသည်နိုင်ငံများသို့ ဘာစမာတီမဟုတ်သောဆန် တန်ချိန် ၄ သိန်းနှင့် ဆော်ဒီအာရေဘီးယား၊ အီရန်နှင့် အီရတ် နိုင်ငံများသို့ ပရီမီယံဘာစမာတီဆန် တန်ချိန် ၁ သိန်း တင်ပို့ရန်ကျန်ရှိကြောင်း၊ ယခုနှစ်တွင် အီရတ်နှင့်ဆော်ဒီအာရေဘီးယားတို့ရှိ ဝယ်လက်များထံမှ ဝယ်လိုအား မြင့်တက်ခဲ့ရာ ၂၀% မှ ၃၀% အထိ တိုးမြှင့်တင်ပို့ရဖွယ်ရှိကြောင်း၊ သို့ရာတွင် သယ်ယူပို့ဆောင်မှုစရိတ်များ ယခင်ထက် ၃၀% ခန့် ပိုမိုမြင့်တက်လာမှုက ပို့ကုန်လုပ်ငန်းရှင်များအဖို့ စိတ်မသက်သာဖွယ်ဖြစ်စေကြောင်း၊ လုပ်သားအင်အားပြတ်လပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ် ပုံပျက်ယွင်းမှုများကြောင့် အိန္ဒိယ၏ ဆန်တင်ပို့မှုလုပ်ငန်းအား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေးမှာ ကြန့်ကြာနေဦးမည်ဖြစ်ကြောင်းသိရှိရသည်။


အိန္ဒိယ၏ အေးခဲအမဲသားတင်ပို့မှုလုပ်ငန်းတွင် ပြည်ပမှအမှာစာများကို ပြန်လည်လက်ခံရရှိလာပြီး လုပ်ငန်းများလည်ပတ်လုပ်ကိုင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ အိန္ဒိယ အသားနှင့်မွေးမြူရေးပို့ကုန် လုပ်ငန်းရှင်များအသင်းမှ ပြောရေးဆိုခွင့်ရှိသူ Mr. Fauzan Alavi က ရာမဒန် ဥပုသ်ကာလသည် ဧပြီလ ၂၃ ရက်၌ စတင်မည်ဖြစ်ရာ အီဂျစ်၊ ဆော်ဒီအာရေဘီးယား၊ အင်ဒိုနီးရှား၊ မလေးရှားစသည့်နိုင်ငံများထံမှ အေးခဲကျွဲသားဝယ်လိုအား မြင့်တက်လျက်ရှိပြီး ၎င်းတို့ထံ တင်ပို့ရောင်းချနိုင်မည့် အခြေအနေကို စုံစမ်းမှုများပြုလုပ်လာကြကြောင်း၊ အိန္ဒိယ အေးခဲအသားပို့ကုန်လုပ်ငန်းရှင်အချို့သည် အရောင်းအဝယ်စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ အေးခဲအသားပြုပြင်ထုပ်ပိုးသည့် လုပ်ငန်းအချို့သည် လုပ်ငန်းခွင်သန့်ရှင်းစင်ကြယ်မှုနှင့် လုပ်သားများ၏ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ပြင်ဆင်မှုများအပါအဝင် ထောက်ပံ့ပို့ဆောင်ရေးနှင့် သွင်းအားစုကွင်းဆက်ဆိုင်ရာလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် Economic Times သတင်းဌာနသို့ ပြောကြားခဲ့သည်။

အလားတူ ဂူဂျရတ်နှင့် ပန်ဂျပ်ပြည်နယ်များရှိ ဝါဂွမ်းထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများသည်လည်း တရုတ်၊ ဗီယက်နမ်နှင့်ထိုင်ဝမ်ရှိ ဝယ်လက်များထံမှ ကုန်တင်ပို့ရန် အမှာစာများ ပြန်လည် လက်ခံရရှိလာကြကြောင်း၊ တရုတ်နိုင်ငံသို့ ဝါဂွမ်းပို့ကုန်တင်ပို့မှုအား ၂ လကြာရပ်ဆိုင်းခဲ့ရာမှ ဧပြီလ ဒုတိယပတ်အတွင်း ကုန်သေတ္တာအလုံးရေ ၃၀၀ ကို ပြန်လည်တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း၊ ထိုသို့ ဝါဂွမ်းပြန်လည်တင်ပို့ရာ၌ ယခင်ကတင်ပို့ခဲ့သည့် ဈေးနှုန်းအောက် ၁၀% မှ ၁၂% အထိ လျော့ကျမှုရှိသော်လည်း လက်ရှိကာလ၌ အိန္ဒိယရူပီးငွေတန်ဖိုး ကျဆင်းလျက်ရှိခြင်းက သက်သာမှုအတန်အသင့်ရရှိမည်ဟု အိန္ဒိယဝါဂွမ်းတင်ပို့သည့် ကုန်သည်များက ပြောဆိုလျက်ရှိ ကြောင်းဖြင့် Economic Times သတင်းဌာနက ဖော်ပြပါသည်။ အိန္ဒိယနိုင်ငံ၌ ဆေးဝါးထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများအနေဖြင့် Lockdown ကာလအတွင်း ပြည်ပနိုင်ငံများထံမှ လက်ခံရရှိထားသည့် ကုန်အမှာစာများအရ ဆေးဝါးများတင်ပို့မှုကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

Source:
1. Indian traders signing rice export deals again after three-week pause, 16 Apr 2020, Hindustan Times
2. Orders flow in for meat and cotton yarn exporters, 18 Apr 2020, Economic Times
3. Indian begins export of major farm items amid COVID-19 lockdown, 15 Apr 2020, Economic Times
4. Record basmati exports from India as Ramadan and pandemic surges demand, 15 Apr 2020, Economic Times
5. Initiatives of Department of Agriculture, Cooperation & Farmers Welfare to promote farming and allied sectors during lockdown, 15 Apr 2020, Press Information Bureau of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (23.4.2020)


YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Apr. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,000 | 10,500 | 10,000 | 1,146 | 11,467,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,600 | -50 | -1.37% | 3,650 | 3,650 | 3,600 | 2,276 | 8,247,400 | 38,929,150 | 140,145 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 0 | 0 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.33 | -1.42 | -0.32% | 429.85 | 439.75 | 429.85 | 3,422 | 19,714,900 | 5 | 600,211 |

### Index chart




# Market Overview

As of 1:00 pm, 23rd Apr. 2020

| MYANPIX | 438.33 ▼1.42 |
|---|---|
| Total Volume (shares) | 3,422 |
| Total Value (MMK) | 20 mil |
| Listed Company | 5 |
| Market Cap. (MMK) | 600,211 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲0 |
| MTSH | 00002 | 3,600 | ▼50 |
| MCB | 00003 | 8,300 | ▲0 |
| FPB | 00004 | 21,500 | ▲0 |
| TMH | 00005 | 2,800 | ▲0 |